“နိုင်ငံခြားသားများ၏ပြုပြင်ပြောင်းလဲမှုအပေါ် အမြင်များ”

# “တရုတ်နိုင်ငံရဲ့ လမ်းပန်းသွားလာရေးဟာ တကယ်ကို လွယ်ကူအဆင်ပြေသွားပါတယ်။”

ယခုနှစ်သည် တရုတ်နိုင်ငံပြုပြင်ပြောင်းလဲတံခါးဖွင့်မူဝါဒ ကျင့်သုံးသည့် အနှစ်(၄၀)ပြည့် အခါသမယဖြစ်သည်။ ကမ္ဘောဒီးယားနိုင်ငံ ကျောင်းသားစုံကျီချိုင်က ပြီးခဲ့သော(၇)နှစ်အတွင်း တရုတ်နိုင်ငံတွင်နေထိုင်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည်စဉ်းစားသည့်အခါ “တရုတ်အရှိန်”အပေါ် အထူးချီးကျူးခဲ့သည်။

(၂၀၁၂)ခုနှစ်မှာ စုံကျီချိုင်သည် တရုတ်နိုင်ငံသို့ လာရောက်ပညာသင်ယူခဲ့သည်။ ယခု ကျီလင်နော်မန်တက္ကသိုလ်တွင် ဒေါက်တာဘွဲ့ပညာသင်ယူနေသည်။ “ကျွန်တော်က ဆရာနဲ့ အတန်းဖော်များ ပြောတာကြားဖူးတယ်။ တရုတ်နိုင်ငံ ပြုပြင်ပြောင်းလဲတံခါးဖွင့်မူဝါဒကျင့်သုံးတဲ့ အနှစ်(၄၀)ပြည့် ခရီးစဉ်ထဲမှာ တရုတ်နိုင်ငံသားများ ခရီးသွားလာရေးနည်းလမ်းက ခြေလျင်လျှောက်ခြင်းက စက်ဘီးစီးခြင်းအထိ၊ ပြည့်ညပ်နှေးကွေးတဲ့မီးရထားက သက်တောင့်သက်သာနေထိုင်နိုင်တဲ့ အရှိန်မြင့်ရထားအထိ ကြီးမားတဲ့ပြောင်းလဲမှုများဖြစ်ပေါ်လာနေပါတယ်။”ဟု သူမက ပြောကြားခဲ့သည်။

စုံကျီချိုင်သည် မိမိကိုယ်ကိုအထူး “ကံကောင်း”သည်ဟု ပြောသည်။ သူက တရုတ်နိုင်ငံသို့ ရောက်သည့်အချိန်မှာ တရုတ်နိုင်ငံ အရှိန်မြင့်ရထားအရှိန်အဟုန်ဖွံ့ဖြိုးတိုးတက်သည့် အဆင့်ရပ်တည်နေသည့်အချိန်ဖြစ်နေပါသည်။ “တရုတ်နိုင်ငံ အရှိန်မြင့်ရထားအရှိန်ဟာတစ်နာရီ(၃၅၀)ကီလိုမီတာအထိ ရောက်နိုင်တယ်။ လက်မှတ်ဝယ်၊ ထိုင်နေရာရွေးတာတွေကိုဖုန်းတစ်လုံးတည်းနဲ့ လုပ်လို့ရတယ်လေ။ တရုတ်နိုင်ငံရဲ့လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးလည်း အလွန်အံ့သြစရာကောင်းလှပေတယ်။”ဟု သူက ပြောကြားသည်။

“အရှိန်မြင့်ရထားအပြင်၊ အမြန်ကားလမ်းလည်း အရမ်းမြန်ပါတယ်။ တရုတ်နိုင်ငံရဲ့အမြန်ကားလမ်းက အမြို့မြို့အနယ်နယ်ကို ချိတ်ဆက်ရောက်ရှိနိုင်တယ်။ အဝေးပြေးကားစီးတာ ဈေးလည်းသက်သာတယ်၊ လုံခြုံမှုလည်း အာမခံနိုင်တယ်။”ဟု သူက ဆက်လက်ပြောပြသည်။

အရင်ကဆိုလျှင် တရုတ်နိုင်ငံကျီလင်မှ ကမ္ဘောဒီးယားဖနွမ်းပင်ကိုသွားချင်လျှင် ရှန်ဟဲသို့မဟုတ်ကွမ်ကျိုးကိုရောက်ပြီးမှ ဖနွမ်းပင်မှတဆင့် လေယာဉ်



ပြောင်းစီးရမည်ဟုပြောပြသည်။ အခုရွေးချယ်မှုများပြားလာသည်။ တရုတ်နိုင်ငံမြို့အများသည် ကမ္ဘောဒီးယားသို့ တိုက်ရိုက်ရောက်သည့် လေကြောင်းလိုင်းများစွာ ဖွင့်လှစ်ပျံသန်းလာသည်။ လေယာဉ်လက်မှတ် ဈေးနှုန်းလည်း ယခင်ကထက် ပိုမိုသက်သာလာပြီး အမြဲတမ်းအထူးဈေးနှုန်းလက်မှတ်ဝယ်နိုင်ပါသည်ဟု သူက သတင်းထောက်တို့အား ပြောကြားခဲ့ပါသည်။

“အပြင်ထွက်ရင်လည်း ဘတ်စ်ကား၊ မြေအောက်ရထား၊ အငှားယာဉ်၊ အင်တာနက်အငှားယာဉ်၊ အများအတူမျှဝေစီးနင်းစက်ဘီးတွေကို ရွေးလို့ရတယ်။ တရုတ်နိုင်ငံမှာနေထိုင်ရတာ လမ်းပန်းသွားလာရေးက အရမ်းအဆင်ပြေတာပါပဲ။”ဟု စုံကျီချိုင်က ပြောပြသည်။

သတင်းထောက်လျောယုံ

# “ဆင်းရဲနွမ်းပါးမှု လျှော့ချပြီး အတူချမ်းသာကြွယ်ဝလာ”

အယ်ဒီတာအညွှန်း။ ။တရုတ်နိုင်ငံနိုင်ငံတော်သမ္မတ ရှီကျင့်ဖျင့် သည် (၂၀၁၈)ခုနှစ်နှစ်သစ်မိန့်ခွန်းတွင်“အချိန်မီဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်” ကို အောင်မြင်စွာ လုပ်ဆောင်ရမည်ဖြစ်ပြီး တရုတ်အမျိုးသားများ နှစ်ပေါင်းထောင်ချီရှိဖွံ့ဖြိုးတိုးတက်မှုသမိုင်းကြောင်းပေါ်တွင် ပထမဆုံးအကြိမ် ဆင်းရဲနွမ်းပါးမှုအခြေအနေကို လုံးဝပပျောက်စေရန် ဆောင်ရွက်ရမည်ဟု ပြောကြားခဲ့သည်။ တစ်နိုင်ငံလုံးဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်ဆောင်ရွက်ရမည့်အလေးထားနေရာတစ်ခုဖြစ်သော ယူနန်သည် စိန်ခေါ်မှုများကို ခုခံပြီး ရုန်းကန်ကြိုးပမ်းနေသည်။ ဤစာစောင်တွင် အသက်ဝင်သော၊ နွေးထွေးသောဆင်းရဲနွမ်းပါးမှုလျှော့ချရေးပုံပြင်ကို ဖော်ပြပေးမည်ဖြစ်သည်။



**တောရိုင်းမှိုဖြင့် ချမ်းသာကြွယ်ဝလာ**

နွေရာသီကာလရောက်သော် ယူနန်တောရိုင်းမှိုအမျိုးမျိုး ဈေးသွားလာသည်။ အများပြည်သူကြိုက်နှစ်သက်ကာ အရသာလက်ခံသည့် စားကောင်းဖွယ်ရာတစ်ခုဖြစ်သည်။ သစ်တောမှ စားပွဲပေါ်အထိ တောရိုင်းမှိုလေးများသည် နှစ်စဉ်ကုန်ထုတ်နှုန်းတန်ဖိုး တရုတ်ယွမ်(၁၀)ဘီလီယံရှိသော လုပ်ငန်းကြီး ဖြစ်ပေါ်လာစေခဲ့သည်။ လုပ်ငန်းရှင်များ၊ အထူးသဖြင့် တောင်ပေါ်မြေများမှ စိုက်ပျိုးသမားများ ဆင်းရဲနွမ်းပါးမှုလျှော့ချစေသည့် “အဖိုးတန်ပစ္စည်း” ဖြစ်လာနေပါတော့သည်။

ချိန်ရှောင်ချုံးသည် တောရိုင်းမှိုကြောင့် ဆင်းရဲနွမ်းပါးမှုမှကင်းလွတ်ပြီး ချမ်းသာကြွယ်ဝဖြစ်လာသည့် လူတစ်ဦးဖြစ်သည်။

နံနက်(၇)နာရီ ဝူရှန်းအင်းဘေးတိမ်မြူများဝိုင်းရံနေသည့် တောင်တန်းများကြားတွင် ချိန်ရှောင်ချုံးသည် နံနက်မြူများနှင့်အတူ တောင်အတွင်းဝင်သွားပြီး သဘာဝပေးစွမ်းသော လက်ဆောင်-တောရိုင်းမှိုကို ရှာဖွေခဲ့သည်။

(၂၀၁၇)ခုနှစ်မှစပြီး ချိန်ရှောင်ချုံးက ယူနန်ပြည်နယ် ယူရှီးမြို့ချိန်ကျန်းခရိုင်တာရှီးရန်ကျေးရွာ၏ ဧရိယာ(၅၀၀)မူရှိသောသစ်တောကို ကန်ထရိုက်ဆွဲခဲ့သည်။ ဤနေရာတွင် မှိုလေးများစွာပေါက်လေ့ရှိသည်။ နှစ်စဉ်မေလမှ အောက်တိုဘာလအတွင်း ချင်းထိုမှို၊ ကန်းပါးမှို၊ နွားအသဲမှိုစသည့် စားသုံးနိုင်သည့်တောရှိုင်းမှိုများစွာ ခူးယူနိုင်သည်။ မှိုခူးယူရန် မိသားစုတစ်ခုလုံးသည် တောင်ပေါ်ရှိရိုးရှင်းသော အိမ်ထဲသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ နေ့စဉ်နံနက်မှာ ချိန်ရှောင်ချုံးသည် ဖခင်၊ မိခင်နှင့်အတူ အပြင်ထွက်ပြီး မှိုများကို နေရာခွဲပြီးခူးယူကြသည်။ အချိန်(၂-၃)နာရီအတွင်း အများဆုံး(၂၀)ကီလိုဂရမ်ကျော် ခူးယူရနိုင်ပြီး အနည်းဆုံး(၅)ကီလိုဂရမ်ရနိုင်သည်။

လတ်ဆတ်သော မှိုမလေးများရလာသည်နှင့် ချိန်ရှောင်ချုံးသည် ကားမောင်းပြီးကူမင်းမြို့တွင်ရှိသော “ယူနန်သစ်ရေပန်းမှိုရောင်းဝယ်ရေးစင်တာ”သို့ သယ်ပို့သွားပြီး “မှိုဝယ်သမား”ထံ ရောင်းချခဲ့သည်။ ဈေးကွက်ဈေးအရ ချိန်ရှောင်ချုံးသည် ယခုနှစ်ဝင်ငွေမှာ သိန်းချီရရှိနိုင်မည်ဟုခန့်မှန်းထားသည်။ “ကန်ထရိုက်စရိတ်(၁)သောင်းကို နုတ်လိုက်ရင်လည်း အမြတ်အများကြီးရရှိတယ်။ လယ်ယာစိုက်တာထက် ပိုကောင်းတာပေါ့။”ဟု သူက ပျော်ရွှင်စွာပြောသည်။

ဆင်ဟွာသတင်းဌာန၊
သတင်းထောက် နိုင်ရင်းဟုန်

# တရုတ်–လာအိုနိုင်ငံတကာလမ်းကြောင်း ယူရှီး–မော်ဟန်းသံလမ်းတာထွမ်တောင်လှိုဏ်ဂူကို အောင်မြင်စွာ ဖောက်လုပ်ပြီးစီး

ယခုရက်ပိုင်းတရုတ် SINOHYDRO BUREAU 14CO.LTDမှ ထောက်ကူဆောက်လုပ်သည့် တရုတ်-လာအိုနိုင်ငံတကာလမ်းကြောင်း ယူရှီး-မော်ဟန်းရထားလမ်း တာထွမ်တောင်လှိုဏ်ဂူ အောင်မြင်စွာ ဖောက်လုပ်ပြီးစီးဖွင့်လှစ်ခဲ့သည်။ ယင်းသည်ပထမဆုံး (၂)ကီလိုမီတာကျော်သော လှိုဏ်ဂူဖြစ်သည်။ အဆိုပါ လှိုဏ်ဂူဖောက်လုပ်ပြီးစီးသည်နှင့်အတူ ယခုယူရှီး-မော်ဟန်းရထားလမ်းရှင်းနှီးမှုပြီးစီးခဲ့ပြီး လှိုဏ်ဂူဖောက်လုပ်ပြီးစီးနှုန်းမှာ (၄၀%)ကျော်နေပြီဖြစ်သည်။

တာထွမ်တောင်လှိုဏ်ဂူသည် ယူနန်ပြည်နယ် စစ်ဆောင်ပန်းနားတိုင်(ရှမ်း)တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲ ကျင်းဟုန်မြို့အတွင်းတွင် တည်ရှိသည်။ နှစ်လိုင်းသွားလှိုဏ်ဂူဖြစ်သည်။ ယူရှီး-မော်ဟန်းရထားလမ်းသည် မြောက်ပိုင်းမှာ ယူရှီးကိုဆက်ပြီး တောင်ပိုင်းတွင် ဖူအော်မြို့၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲကို ဖြတ်ကျော်ကာ တရုတ်-လာအိုနယ်စပ် မော်ဟန်းဂိတ်ပေါက်သို့ ရောက်ရှိသည်။ လက်ရှိဆောက်လုပ်နေသည့် တရုတ်-လာအိုရထားသံလမ်း လာအိုအပိုင်းနှင့် ချိတ်ဆက်မိသည်။ တစ်လိုင်းလုံးသည် (၅၀၈)ကီလိုမီတာ ရှည်လျားသည်။ နိုင်ငံတော်အဆင့်(I) လျှပ်စစ်ဓာတ်ငွေ့ပုံစံ ရထားလမ်းဖြစ်သည်။ ခရီးသည်တင်ယာဉ်အရှိန်မှာ တစ်နာရီ(၁၆၀)ကီလိုမီတာဖြစ်သည်။ တရုတ်နိုင်ငံမှလာအိုသို့ ဆက်သွယ်ပြီး ထိုမှတစ်ဆင့် ထိုင်းအထိရောက်သည့် နိုင်ငံတကာရထားသံလမ်းကြောင်းဖြစ်သည်။ ယူနန်မှ “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အဆိုပြုချက်အတွင်းသို့ တက်ကြွစွာပါဝင်တက်ရောက်ပြီး ဘေးပတ်ဝန်းကျင်နိုင်ငံများနှင့် အပြန်အလှန်ချိတ်ဆက်ရန် တွန်းတင်ပေးသည့် အလေးပါအခြေခံအဆောက်အအုံလည်း ဖြစ်သည်။

သတင်းထောက် ဟူရှောင်ယုံ